# မန္တလေးတိုင်းဒေသကြီး
# မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ
# ရွေးချယ်ခြင်းဆိုင်ရာ နည်းဥပဒေကို
# ပြင်ဆင်သည့်နည်းဥပဒေ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

**မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်များ ရွေးချယ်ခြင်းဆိုင်ရာ**

**နည်းဥပဒေကို ပြင်ဆင်သည့်နည်းဥပဒေ**

**အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၁၅)**

**၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်**

**(၂၀၁၅-ခုနှစ်၊ မေလ ၂၈ ရက်)**

၁။ ဤနည်းဥပဒေများကို **မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ ရွေးချယ်ခြင်းဆိုင်ရာ နည်းဥပဒေကို ပြင်ဆင်သည့်နည်းဥပဒေ** ဟု ခေါ်တွင် စေရမည်။

၂။ (က) မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ ရွေးချယ်ခြင်းဆိုင်ရာ နည်းဥပဒေ အခန်း(၈) ကော်မတီသက်တမ်းနှင့် ချီးမြှင့်ထောက်ပံ့ငွေ နည်းဥပဒေ ၃၆ တွင် **သို့ရာတွင် ကော်မတီအသစ် ရွေးချယ်ခန့်အပ်တာဝန်လွှဲပြောင်းပေးအပ်သည့် ကာလအထိတာဝန်ထမ်းဆောင်ရမည်** ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ခ) နည်းဥပဒေ ၃၇ တွင် **ပထမအကြိမ်** ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

(ဂ) နည်းဥပဒေ ၃၈ တွင် ကော်မတီဝင် ရွေးချယ်ခြင်းများကို တိုင်းဒေသကြီးလွှတ်တော် သက်တမ်းမစတင်မီ(၆)လအလိုတွင် ပြီးစီးအောင် ဆောင်ရွက်ရမည်ဆိုသည့် စကားရပ်အစား **ကော်မတီဝင်ရွေးချယ်ခြင်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ဖွဲ့စည်းပြီးနောက် (၆)လအတွင်း ပြီးစီးအောင် ဆောင်ရွက်ရမည်** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

အမိန့်အရ

အောင်မောင်း

ဝန်ကြီး

စည်ပင်သာယာရေးဝန်ကြီးဌာန